# ACC Against COVID-19




## အစီအစဉ် (၄၈)

## “COVID-19 ကပ်ရောဂါကာလအတွင်း အဂတိလိုက်စားမှုတွန်းလှန်တိုက်ဖျက်ရေး”

တင်ပြသူ

ဦးအောင်နိုင်ဦး



အချို့နိုင်ငံများမှာ ပေါ်ပေါက်ခဲ့တဲ့ ဖြစ်စဉ်များအရ COVID-19 ကပ်ရောဂါဟာ တရားမဝင် ကူးသန်းရောင်းဝယ်မှုတွေအတွက် အခွင့်အလမ်းတွေ ပေါ်ပေါက်စေခဲ့တဲ့အပြင် ဆေးဝါး အတုများ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးမှုကိုလည်း ပိုမိုများပြားစေခဲ့ကြောင်း တွေ့ရှိရပါတယ်။




ဒါ့အပြင် မမှန်ကန်တဲ့ စီးပွားရေးလုပ်ငန်း လုပ်ဆောင်မှုတွေအတွက် စနစ်တကျ
စုဖွဲ့ဆောင်ရွက်တဲ့ ရာဇဝတ်မှုတွေ (Organized Crime) ကိုလည်း
စီးပွားရေးနယ်ပယ်အတွင်းမှာ ပြန့်ပွားလာစေခဲ့ပါတယ်။ အဆိုပါ လုပ်ဆောင်မှုအားလုံးဟာ
လာဘ်ပေးလာဘ်ယူနဲ့ ဆက်စပ်ဆောင်ရွက်ကြတာကိုလည်း တွေ့ရပြန်ပါတယ်။

ယင်းကဲ့သို့သော အခြေအနေတွေကြောင့် နိုင်ငံအချို့အနေနဲ့ အောက်ပါလုပ်ငန်းစဉ်တွေ ချမှတ်ပြီး အဂတိလိုက်စားမှုကို တားဆီးကာကွယ်နေကြတာလည်း လေ့လာတွေ့ရှိရပါတယ် -

(၁) အစိုးရက ပစ္စည်းဝယ်ယူမှု (Government Procurement) လုပ်ငန်းစဉ်တွေကို ကျယ်ပြန့်စွာ၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်း၊ Online ဖြင့်လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးခြင်း။

(၂) မမှန်မကန် လုပ်ဆောင်မှုကိုထုတ်ဖော်သတင်းပေးသူများ (Whistleblower) အား လုံလောက်သည့် အကာအကွယ်ပေးခြင်း။

(၃) လွတ်လပ်စွာပြောဆိုခွင့်နှင့် မီဒီယာလွတ်လပ်ခွင့်များ အပြည့်အဝပေးခြင်း (Free Speech and Press) ။

(၄) ဖွံ့ဖြိုးမှုအကူအညီများ (Development Aid) ပေးအပ်ရာတွင် ကြီးကြပ်မှုနှင့် စစ်ဆေးမှုအတွက် လိုအပ်သည့် ဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ရေး ထည့်သွင်းပေးခြင်း၊ ပေးအပ်သည့်အထောက် အပံ့များ မျှတစွာ ရရှိရေးကို အခြေခံပြီး အထောက်အပံ့ ပေးအပ်မှုအပေါ် နိုင်ငံရေးအရ အကျိုး အမြတ် ရယူခြင်းကို အခြေမခံရေး၊ အစိုးရအနေဖြင့်လည်း အထောက်အပံ့ လုပ်ငန်းစဉ်များနဲ့ ပတ်သက်၍ စာရင်းစစ်ဆေးခြင်း၊ စောင့်ကြပ်ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံပိုင်ရန်ပုံငွေများ အလွဲသုံးမှုပြုခြင်းမရှိစေရန် ဆောင်ရွက်ခြင်းစသည့် နည်းလမ်းများဖြင့် အဂတိ လိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူ ကိစ္စများမပေါ်ပေါက်ရေး တားမြစ်ဆောင်ရွက်ကြတာကိုလည်း တွေ့ရပါတယ်။

မိမိတို့နိုင်ငံသားများဟာ သဒ္ဒါတရား
ထက်သန်ကြပြီး ဒုက္ခရောက်သူများကို
ပံ့ပိုးကူညီဖို့ ဝန်မလေးတတ်ကြတာဟာ
တစ်မျိုးသားလုံးအတွက် ဂုဏ်ယူရမယ့်
အလေ့အထတစ်ခု ဖြစ်ပါတယ်။
ကပ်ဘေး ကျရောက်တိုင်း အချင်းချင်း
ဝိုင်းဝန်း ကူညီကြရင်း နိုင်ငံ
ယိမ်းယိုင်မသွားအောင် ဆောင်ရွက်ခဲ့ကြတဲ့
သာဓကတွေလည်း များစွာရှိခဲ့ပြီး ဖြစ်ပါတယ်။



အခက်အခဲကြုံလာတိုင်းမှာ စီးပွားရေး
လုပ်ငန်းရှင်တွေနဲ့ အဖွဲ့အစည်းတွေက ငွေအား၊
ပစ္စည်းအား၊ လူအား မိမိတတ်နိုင်သမျှ ဝိုင်းဝန်း
ကူညီပံ့ပိုးဆောင်ရွက်လေ့ရှိကြတာကိုလည်း
ကြိမ်ဖန်များစွာ တွေ့ခဲ့ရပြီး ဖြစ်ပါတယ်။



ယခု ဖြစ်ပေါ်နေတဲ့ COVID-19 ကပ်ရောဂါ
ကာလအတွင်း မှာလည်း အလားတူ
လှူဒါန်းကူညီ ဆောင်ရွက်နေကြတာကိုလည်း
ဝမ်းမြောက်ဖွယ် တွေ့မြင်ရပါတယ်။ ဒီနေရာမှာ
တစ်ခုသတိပြုဖို့ လိုအပ်တာက
တတ်နိုင်သူများအနေနဲ့ မိမိတို့ ငွေအား၊
ပစ္စည်းအားနဲ့ ပါဝင်လှူဒါန်းခြင်းဟာ စေတနာ
သက်သက်သာဖြစ်ဖို့ လိုအပ်ပြီး
အနာဂတ်အခွင့်အရေး တစ်ခုခု၊ အနာဂတ်
အကျိုးအမြတ် တစ်ခုခုအတွက် ရည်ရွယ်
ဆောင်ရွက်မှုမျိုး မဖြစ်စေဖို့လည်း
လိုအပ်လှပါတယ်။





COVID–19 ဟာ မြန်မာနိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးအတွက် ကြီးမားတဲ့ လူမှုစီးပွားရေး စိန်ခေါ်မှုကြီးတစ်ခု ဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုကို တွန်းလှန်နိုင်ဖို့ နိုင်ငံသားအားလုံးရဲ့ စုစည်းညီညွတ်တဲ့ စွမ်းအား၊ မှန်ကန်တဲ့ ခံယူချက်၊ တူညီတဲ့စိတ်ဓာတ်တွေနဲ့ လက်ချင်းချိတ်ဆက် ဆောင်ရွက်သွားကြဖို့ လိုအပ်လှပါတယ်။



စိန်ခေါ်မှုကြီးမားတဲ့ (COVID-19)ကပ်ရောဂါဆိုးကြီးကို တွန်းလှန်ရင်း မိမိနိုင်ငံအတွင်းမှာ
ကြာရှည်စွာ အမြစ်တွယ်နေတဲ့ (Systemic Corruption) အဂတိလိုက်စားမှု
ကပ်ရောဂါဆိုးကြီးကိုလည်း  အမြစ်ကနေမကျန် တက်ညီလက်ညီ တွန်းလှန်တိုက်ဖျက်
ဆောင်ရွက်ကြဖို့ လိုအပ်ကြောင်း တိုက်တွန်းလိုက်ပါတယ်။